# KBZ MPU BUSINESS DEBIT CARD ဆိုင်ရာစည်းမျဉ်းနှင့်စည်းကမ်းသတ်မှတ်ချက်များ

ကမ္ဘောဇဘဏ်၏ MPU Business Debit Card ဝန်ဆောင်မှုအား ရယူအသုံးပြုမည့် ကုမ္ပဏီများအနေဖြင့် ကမ္ဘောဇဘဏ်လီမိတက်က ထုတ်ပြန်ထားသည့် အောက်တွင်ဖော်ပြထားသော စည်းမျဉ်းနှင့် စည်းကမ်းသတ်မှတ်ချက်များအား အတိအကျလိုက်နာကြရမည် ဖြစ်ပါသည်။ ကုမ္ပဏီသည် ကမ္ဘောဇဘဏ်၏ MPU Business Debit Card ဝန်ဆောင်မှုများအားတောင်းခံခြင်း သို့မဟုတ် ကတ်အားအသုံးပြုခြင်း သို့မဟုတ် Card အား ကုမ္ပဏီ၏ ကိုယ်စား အသုံးပြုခွင့်ပေးထားသူတစ်ဦးဦးကို အသုံးပြုစေရန်ခွင့်ပြုခြင်းများသည် အခါအားလျော်စွာ ပြောင်းလဲနိုင်သည်ဖြစ်သော ဤစည်းမျဉ်းနှင့်စည်းကမ်း သတ်မှတ်ချက်များကို ကုမ္ပဏီက လိုက်နာဆောင်ရွက်ရန် အသိအမှတ်ပြု သဘောတူညီခြင်းဖြစ်သည်။

## ၁။ အဓိပ္ပါယ်ဖွင့်ဆိုချက်

၁.၁။ **“ငွေစာရင်း”** ဆိုသည်မှာ ကမ္ဘောဇဘဏ်တွင် လုပ်ငန်း၏ Transaction အမျိုးမျိုးကို လွယ်ကူချောမွေ့စေရန်အတွက် ကုမ္ပဏီအမည်ဖြင့် ဖွင့်လှစ်ထားသော Corporate Bank Account ကို ဆိုလိုသည်။

၁.၂။ **“အလုပ်ဖွင့်ရက်”** ဆိုသည်မှာ မြန်မာနိုင်ငံရှိ စနေနေ့၊ တနင်္ဂနွေနေ့၊ အများပြည်သူအလုပ်ပိတ်ရက် သို့မဟုတ် ဘဏ်ပိတ်ရက်မဟုတ်သည့် နေ့ရက်များကိုဆိုလိုခြင်းဖြစ်သည်။

၁.၃။ **"ဘဏ်ခွဲ"** ဆိုသည်မှာ ကမ္ဘောဇဘဏ်လီမိတက် (ကမ္ဘောဇဘဏ်) ၏မည်သည့်ဘဏ်ခွဲကိုမဆို ဆိုလိုခြင်းဖြစ်သည်။

၁.၄။ **“ကတ်”** ဆိုသည်မှာ transaction များပြုလုပ်နိုင်ရန်အတွက် ကမ္ဘောဇဘဏ်က ကုမ္ပဏီသို့ ထုတ်ပေးထားပြီး Corporate Bank Account နှင့် ချိတ်ဆက်ထားသော MPU Business Debit Card ကိုဆိုလိုသည်။

၁.၅။ **"ကတ်ကိုင်ဆောင်သူ"** ဆိုသည်မှာ ခွင့်ပြုထားသော MPU Business Debit Card အားအသက်ဝင်အောင်ဆောင်ရွက်ခြင်း၊ လက်ခံရယူ ထားခြင်း၊ နှင့်/သို့မဟုတ် အသုံးပြုခြင်းများပြုလုပ်ရန်အတွက် ကုမ္ပဏီမှ တာဝန်ပေးအပ်ခြင်းခံထားရသည့် (သို့) အခွင့်အာဏာခန့်အပ်ခြင်းခံရသည့် အရာရှိ (သို့) ကိုယ်စားလှယ် ကို ဆိုလိုသည်။

၁.၆။ **"ကတ်နံပါတ်”** ဆိုသည်မှာ MPU Business Debit Card ပေါ်တွင် ဖော်ပြထားသည့် နံပါတ် ၁၆လုံးကိုဆိုလိုသည်။ ဤနံပါတ်များသည် ကမ္ဘောဇဘဏ်နှင့်ပြုလုပ်မည့် ဆက်သွယ်မှု/ဆက်သွယ်ဆောင်ရွက်မှုအားလုံးအတွက်ဖြစ်သည်။

၁.၇။ **“ဗဟိုဘဏ်”** ဆိုသည်မှာမြန်မာနိုင်ငံတော်ဗဟိုဘဏ်ကိုဆိုလိုသည်။

၁.၈။ **“ကုမ္ပဏီ”** ဆိုသည်မှာ ကမ္ဘောဇဘဏ်မှ ထုတ်ပေးထားသည့်ကတ် အားရရှိထားသည့် ကမ္ဘောဇဘဏ်၏ customer ကို ဆိုလိုသည်။

၁။၉။ **"ကမ္ဘောဇဘဏ်"** ဆိုသည်မှာ အနာဂတ်တွင် ကမ္ဘောဇဘဏ်က ဖွင့်လှစ်ထူထောင်မည့် မည်သည့်ဘဏ်ခွဲမျိုးမဆို အပါအဝင် ကမ္ဘောဇဘဏ်လီမိတက်နှင့် ကမ္ဘောဇဘဏ်၏ ဘဏ်ခွဲအားလုံးကိုဆိုလိုသည်။

၁။၁၀။ **"မြန်မာကျပ်"** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း တရားဝင်အသုံးပြုနေသော ငွေကြေးစနစ်ကို ဆိုလိုသည်။

၁။၁၁။ **"အခကြေးငွေဇယား"** ဆိုသည်မှာ ကမ္ဘောဇဘဏ် ကကောက်ခံသည့် အခကြေးငွေစာရင်းဖြစ်ပြီး ထိုစာရင်းအား ကမ္ဘောဇဘဏ်၏ တစ်ဦးတည်းဆုံးဖြတ်ချက်ဖြင့် အခါအားလျော်စွာပြောင်းလဲနိုင်သည်။

၁။၁၂။ **"Transaction"** ဆိုသည်မှာ ကတ်ကိုင်ဆောင်သူ၏ကတ်အား အသုံးပြုမှုနှင့်ပတ်သက်၍ လက်ကျန်ငွေပမာဏမှ နှုတ်ယူမည့် ငွေပမာဏကို ဆိုလိုသည်။ ထိုပမာဏတွင် လွှဲပေးမည့်ငွေပမာဏ နှင့် Transaction ဆောင်ရွက်ခြင်းအတွက် ကျသင့်ငွေ စသည်တို့ပါဝင်သည်။

၁။၁၃။ "**Website"** ဆိုသည်မှာ www.kbzbank.com တွင်ရှိသည့် ကမ္ဘောဇဘဏ်၏ ဝက်ဆိုက်ကိုဆိုလိုသည်။

## ၂။ ကတ်နှင့်ပတ်သက်သည့်စည်းကမ်းချက်များ

၂။၁။ ကတ်သည်မည်သည့်အချိန်တွင်မဆို ကမ္ဘောဇဘဏ်မှ ပိုင်ဆိုင်သောပစ္စည်းဖြစ်သည်။

၂။၂။ ကတ်သည် လွှဲပြောင်း၍မရဘဲ ကုမ္ပဏီနှင့်ကတ်ကိုင်ဆောင်သူ အတွက်သာလျှင် သီးသန့် အသုံးပြု ရန်ဖြစ်သည်။

၂။၃။ ကမ္ဘောဇဘဏ်သည် အကြောင်းပြချက်ပေး၍ဖြစ်စေ၊ အကြောင်းပြချက်မပေးဘဲဖြစ်စေ ဤသဘောတူညီချက်အရ ကုမ္ပဏီနှင့်ကတ်ကိုင်ဆောင်သူ ၏ ပေးရန်ရှိသည့် တာဝန်ဝတ္တရားများကို မထိခိုက်စေဘဲ မည်သည့်အချိန်တွင်မဆို ဝန်ဆောင်မှုအား ရပ်စဲခြင်း သို့မဟုတ် အဆုံးသတ်ခြင်းပြုလုပ်နိုင်သည်။

၂။၄။ မည်သည့်အကြောင်းကြောင့်မဆို အဖွဲ့ဝင်အဖြစ်မှရပ်စဲခြင်း၊ ကတ်နှင့်တွဲလျက်ရှိသည့် အခွင့်အရေးများအား ရပ်သိမ်းခြင်း ပြုလုပ်သည်နှင့် ကုမ္ပဏီသည် ထိုအကြောင်းကြားချက်ကို လက်ခံရရှိသည့်နေ့မှစ၍ အလုပ်ဖွင့်ရက် (၁၀) ရက်အတွင်း ကတ် အား ကမ္ဘောဇဘဏ်၏ ကတ်ဌာနသို့ ပြန်လည်အပ်နှံရမည်ဖြစ်သည်။ ကတ်အား ကမ္ဘောဇဘဏ်သို့ ပြန်လည်အပ်နှံခြင်း မပြုသေးသည့်အတောအတွင်း ကတ် အသုံးပြုမှုမှပေါ်ပေါက်လာရသည့် ငွေတောင်းခံလွှာ များအတွက် ပေးချေမှု တာဝန် သည် ကုမ္ပဏီနှင့်ကတ်ကိုင်ဆောင်သူ ၏တာဝန်သာ ဖြစ်သည်။

၂၊၅။ အခွင့်အရေးများအားရုပ်သိမ်းကြောင်း သို့မဟုတ် အဖွဲ့ဝင်အဖြစ်မှရုပ်စဲကြောင်း အသိပေးပြီးနောက်တွင် ကုမ္ပဏီ၏ ကတ်အား ဆက်လက်အသုံးပြုခြင်းသည် လိမ်လည်မှုမြောက်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများ နှင့်အညီ ကမ္ဘောဇဘဏ်၏ ဥပဒေကြောင်းအရတရားစွဲဆိုမှုကိုခံရမည်ဖြစ်သည်။

၂၊၆။ ကတ်ကို e-Commerce ငွေပေးချေမှု၊ အစိုးရ-ဆက်စပ်ငွေပေးချေမှုများ၊ အွန်လိုင်းငွေပေးချေမှုများ၊ ငွေထုတ်ခြင်း၊ လွှဲပြောင်းခြင်း၊ POS နှင့် MPU ကုန်သည်များတွင် ငွေပေးချေခြင်းများအား MPU Business Debit Card ဖြင့် ပြုလုပ်နိုင်သည်။

၂၊၇။ ကတ်တွင်ဖော်ပြထားသည့် သက်တမ်းကုန်ဆုံးမည့် နေ့ရက်မတိုင်မီ တစ်လအလိုတွင် ကတ် အား ပယ်ဖျက် ခြင်း သို့မဟုတ် ဆက်လက်သက်တမ်းမတိုးလိုခြင်းများအတွက် ကုမ္ပဏီနှင့်ကတ်ကိုင်ဆောင်သူသည် ကမ္ဘောဇဘဏ်သို့ စာဖြင့်ရေးသား အကြောင်းကြားရမည်။

## ၃။ ကတ်လျှောက်ထားခြင်းနှင့် အသက်ဝင်အောင်ပြုလုပ်ခြင်း

၃၊၁။ ကုမ္ပဏီသည် ကမ္ဘောဇဘဏ်တွင် ကတ်တစ်ခုထက်ပို၍ လျှောက်ထားနိုင်သည်။ ကမ္ဘောဇဘဏ်သည် ၎င်း၏တစ်ဦးတည်း ဆုံးဖြတ်ချက် ဖြင့် ကုမ္ပဏီ၏ ကတ်ကိုင်ဆောင်သူသို့ ကတ်ထုတ်ပေးနိုင်သည်။

၃၊၂။ MPU Business Debit Card ကိုလျှောက်ထားလိုသော ကုမ္ပဏီသည် ကမ္ဘောဇဘဏ် တွင်ဖွင့်လှစ်ထားသော Corporate Bank Account ရှိရမည်ဖြစ်ပြီး သက်ဆိုင်ရာ ထောက်ခံချက်စာရွက်စာတမ်းများ (ကုမ္ပဏီသတင်း အချက် အလက်များ၊ ကုမ္ပဏီမှတ်ပုံတင် လက်မှတ်၊ ကုမ္ပဏီExtract၊ လက်မှတ်ရေးထိုးပြီး တံဆိပ်ခတ်ထားသော ဒါရိုက်တာဘုတ် အဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက် စာရွက်စာတမ်းများ သို့မဟုတ် အခြားသက်ဆိုင်ရာ တရားဝင်စာရွက်စာတမ်းများ အပါအဝင်) ကမ္ဘောဇဘဏ်၏ လိုအပ်ချက်အရ DICA တွင် စာရင်းသွင်းထားသည့် ကုမ္ပဏီ၏ ပုဂ္ဂိုလ်များပါဝင်သော ဒါရိုက်တာများ၏ ၅၀ရာခိုင်နှုန်း၏ ခွင့်ပြုချက်လက်မှတ်များနှင့်အတူ လျှောက်လွှာပုံစံဖြင့် ကမ္ဘောဇဘဏ်သို့လျှောက်ထားနိုင်ပါသည်။

၃၊၃။ ကတ် လျှောက်ခြင်းအတွက် လိုအပ်သော သို့မဟုတ် ကမ္ဘောဇဘဏ်မှ ဝန်ဆောင်မှုများနှင့် Transactionများကို ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရန်အတွက် ကမ္ဘောဇဘဏ်မှ လိုအပ်၍ တောင်းဆိုသည့် နောက်ထပ် စာရွက်စာတမ်းများ သို့မဟုတ် အချက်အလက်များကို ဆောလျင်စွာ ပေးပို့တင်ပြရန် ကုမ္ပဏီ၏ တစ်ဦးတည်းသော တာဝန်ဖြစ်ကြောင်း ကုမ္ပဏီမှ သိရှိနားလည်သဘောတူပါသည်။

၃၊၄။ ကုမ္ပဏီ တစ်ခုအမည်ဖြင့်ထုတ်ပေးထားသောကတ်ကို ထိုကုမ္ပဏီကအတည်ပြုပြီး တာဝန်ပေးအပ်ခြင်းခံထားရသည့် တာဝန်ပေးအပ်ခြင်းခံထားရသည့် (သို့) အခွင့်အာဏာခန့်အပ်ခြင်းခံရသည့် အရာရှိ (သို့) ကိုယ်စားလှယ် က

ဆောင်ရွက်ရမည်ဖြစ်ပြီး ထိုလူပုဂ္ဂိုလ်များ၏ ထိုသို့တာဝန်ပေးအပ်ခြင်းခံထားရကြောင်း အတည်ပြုထားသည့်စာအား သက်သေအဖြစ် တင်ပြရမည်ဖြစ်သည်။

၃၊၅။ ကုမ္ပဏီသည် သတ်မှတ်ထားသော ကတ်ကိုင်ဆောင်သူအား ကုမ္ပဏီမှ အခွင့်အာဏာ လွှဲအပ်ထားသော ကိုယ်စားလှယ်အဖြစ် ခန့်အပ်ခြင်းကို အသိအမှတ်ပြု အတည်ပြုသည်။ ဤအတည်ပြုချက်သည် အထူးသဖြင့် MPU Business Debit Card transactions နှင့် ဆက်စပ်သောငွေ၏ Accounts အတွက် မိုဘိုင်းလ်ဖုန်းနံပါတ်များ နှင့်အီးမေးလ်လိပ်စာများပြင်ဆင် ပြောင်းလဲခြင်း ကတ်ကိုင်ဆောင်သူများ ၏အချက် အလက်များပြင်ဆင်ခြင်း၊ ကတ်ကိုင်ဆောင်သူများမှ ကတ်အားအသုံးပြုခြင်း၊အတည်ပြုခြင်း၊စိစစ်ခြင်းနှင့်ပတ်သတ်သေ လုပ်ဆောင်ချက်များလည်းပါဝင်မည်ဖြစ်သည်။

၃၊၆။ ကတ်ဖြင့် e-commerce၊ POS နှင့် MPU Policy အရ MPU Merchant များတွင် အဆင်ပြေပြေ လုံခြုံစွာပေးချေနိုင်ရန် ကတ်အားအသုံးပြုခွင့်ပေးခြင်းဖြစ်ပါသည်။ MPU Business Debit Card သည် ကမ္ဘောဇဘဏ်တွင်ရှိသော ကုမ္ပဏီ၏ ရှိပြီးသား Corporate Bank Account နှင့် တိုက်ရိုက်ချိတ်ဆက်ထားသည်။

၃၊၇။ ကမ္ဘောဇဘဏ်မှ ကတ်၏ လျှောက်လွှာအချက်အလက်များသည် **DICA** တွင် မှတ်တမ်းတင်ထားသော ကုမ္ပဏီ၏ အသေးစိတ် အချက်အလက် များနှင့် ကိုက်ညီမှုမရှိခြင်းနှင့်/သို့မဟုတ် ကတ်နှင့်ချိတ်ဆက် အသုံးပြုရန် ကုမ္ပဏီမှ ရည်ရွယ်ထားသည့် ကမ္ဘောဇဘဏ်တွင်ရှိသော ကုမ္ပဏီ၏ Account အချက်အလက်များနှင့်မဆို ကိုက်ညီမှုမရှိပါက လျှောက်လွှာကို ငြင်းပယ်မည်ဖြစ်သည်။

၃၊၈။ ကမ္ဘောဇဘဏ်သည် မည်သည့်အကြောင်းပြချက်ကိုမျှ မပေးဘဲ သို့မဟုတ် မည်သည့်ရှင်းလင်းချက်မျှ ပေးရန်တာဝန်မရှိဘဲ ကမ္ဘောဇဘဏ်၏တစ်ခုတည်းသောဆုံးဖြတ်ချက်ဖြင့် ကုမ္ပဏီ၏ကတ် လျှောက်ထားခြင်းကို ပယ်ချခြင်းအား ပြုလုပ်ခွင့် အပြည့်အဝရှိမည်ဖြစ်သည်။

၃၊၉။ ကမ္ဘောဇဘဏ်သည် ကုမ္ပဏီကပေးသည့် သတင်းအချက်အလက်မှန်သမျှသည် မှန်ကန်၊ တိကျပြီး နောက်ဆုံးအခြေအနေနှင့်ကိုက်ညီမှုရှိကြောင်း မှတ်ယူမည်ဖြစ်သည်။

၃၊၁၀။ MPU Business Debit Card သည် ကုမ္ပဏီမှဖွင့်ထားသော Corporate Bank Account တစ်ခုနှင့်သာ ချိတ်ဆက်အသုံးပြုနိုင်ပါသည်ဟု ကုမ္ပဏီ နှင့်ကတ်ကိုင်ဆောင်သူ မှ သိရှိနားလည်ပါသည်။

၃၊၁၁။ သတ်မှတ်ထားသည့်ဘဏ်ခွဲများတွင်ကတ်ကိုလျှောက်ထားနိုင်ပြီး ကတ်ကိုင်ဆောင်သူအနေဖြင့်ကတ်ကို ရရှိထားပြီးဖြစ်ပါက ကတ် အားအသုံးပြုနိုင်သည်။ ကတ်အားအသုံးပြုခြင်းသည် ကုမ္ပဏီနှင့် ၎င်း၏ကတ်ကိုင်ဆောင်သူ အနေဖြင့် ဤစည်းမျဉ်းနှင့်စည်း ကမ်းသတ်မှတ်ချက်များအားလိုက်နာပါမည်ဟု သဘောတူခြင်းဖြစ်သည်။ ကတ်ကိုင်ဆောင်သူသည်

PIN ကို ပြောင်းလဲခြင်းဖြင့် ကတ်ကို အသက်သွင်းနိုင်သည်။ ကတ်သည် သက်တမ်းကုန်ဆုံးသောအခါ၊ ၎င်းတို့သည် အလိုအလျောက် ပိတ်သွားမည်ဖြစ်သည်။

၃.၁၂။ ကုမ္ပဏီသည် ကမ္ဘောဇဘဏ်မှ သတ်မှတ်ထားသည့်အတိုင်း နေ့စဉ်နှင့် တစ်ကြိမ် Transaction ကန့်သတ်ချက်များ အပါအဝင် ကတ် အသုံးပြုမှုအရေအတွက်ကန့်သတ်ချက်များနှင့်အညီ ကတ်ကို အသုံးပြုရန် သဘောတူ လက်ခံပါ သည်။ ကမ္ဘောဇဘဏ်သည် ကတ်နှင့်ဆက်စပ်အခကြေးငွေများနှင့် Transaction လုပ်ဆောင် နိုင် သည့် အများဆုံး ကန့်သတ်ချက်များကို ပြုပြင်ရန်သို့မဟုတ် ပြင်ဆင်ပိုင်ခွင့်ရှိကြောင်း ကုမ္ပဏီနှင့်ကတ်ကိုင်ဆောင်သူ မှ အသိအမှတ် ပြုလက်ခံပါသည်။

## ၄။ ကတ်သက်တမ်းနှင့်အသုံးပြုနိုင်မှု

၄.၁။ ကတ်တွင် လ/နှစ် ပုံစံဖြင့်ဖော်ပြထားသော လအကုန်ထိသာလျှင် ကတ်သည်သက်တမ်းရှိမည်ဖြစ်သည်။

၄.၂။ ကုမ္ပဏီ နှင့်ကတ်ကိုင်ဆောင်သူသည် MPU Business Debit Card( နှင့် ချိတ်ဆက်ထားသော Corporate Bank Accounts ရှိ လက်ကျန် ငွေပမာဏပေါ် မူတည်၍ ကတ် အား အသုံးပြုနိုင်သည်။ MPU Business Debit Card နှင့် ချိတ်ဆက်ထားသော ကုမ္ပဏီ၏ ငွေစာရင်းရှိ စုစုပေါင်း လက်ကျန်ငွေ မလုံလောက်ပါက၊ ကုမ္ပဏီ နှင့်ကတ်ကိုင်ဆောင်သူ၏ Transaction ကို အလိုအလျောက် ငြင်းပယ်ပါမည် ဖြစ်သည်။

၄.၃။ ကုမ္ပဏီအား ထုတ်ပေးထားသော MPU Business Debit Card ကိုအသုံးပြု၍ ပြုလုပ်သော ငွေကြေး Transaction အားလုံးသည် MPU Business Debit Card နှင့် ချိတ်ဆက်ထားသော Corporate Bank Account မှ နုတ်ယူမည် ဖြစ်သည်။

၄.၄။ မြန်မာနိုင်ငံအတွင်း e-commerce၊ POS နှင့် MPU Policy အရ MPU Merchant များတွင် ပေးချေမှုပြုလုပ်ရန်အတွက် သာလျှင် ကတ်အားအသုံးပြုနိုင်မည်ဖြစ်သည်။

၄.၅။ ကတ်၏သက်တမ်းမှာ ကတ်အားစတင်ထုတ်ပေးသည့်ရက်မှစ၍ ၅ နှစ်အထိဖြစ်ပြီး ထိုကတ်၏သက်တမ်းကို ကတ်၏ ရှေ့မျက်နှာစာဖက်တွင်ဖော်ပြပေးထားပါသည်။ ကတ်သက်တမ်းကုန်ဆုံးသောအခါတွင် ကတ် သည် အလိုအလျောက် ပိတ်သွားမည်ဖြစ်သည်။ ကတ်ကိုင်ဆောင်သူသည် ကမ္ဘောဇဘဏ်သို့သွားရောက်ခြင်းဖြင့် ၎င်း၏ ကတ်သက်တမ်း ကုန်ဆုံးရက်မပြည့်မီ ကတ်ကိုသက်တမ်းတိုးရန် ဆောင်ရွက်နိုင်မည်ဖြစ်သည်။

၄.၆။ ကတ်၏ရရှိနိုင်သောပမာဏနှင့်အညီ ကမ္ဘောဇဘဏ်မှ သတ်မှတ်ထားသော ပမာဏအထိ Transaction လုပ်ဆောင်နိုင်သည်။

၄.၇။ ကတ်ကိုအသုံးပြု၍ Transactions အားလုံးကို မြန်မာကျပ်ငွေဖြင့်သာ ပေးဆောင်ရမည်ဖြစ်သည်။

၄.၈။ တရားဝင်ခွင့်ပြုထားသော e-commerce၊ POS နှင့် MPU Policy အရ MPU Merchant များတွင်ပေးဆောင်ရန် အတွက်သာ ကတ်ကို ကုမ္ပဏီနှင့်ကတ်ကိုင်ဆောင်သူ ထံ ထုတ်ပေးမည် ဖြစ်သည်။

၄.၉။ ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်အဖွဲ့များအားငွေကြေးထောက်ပံ့မှုများသာဖြစ်သည်ဟု ကန့်သတ်ထား မှုမရှိသော်လည်း ယင်းတို့အပါအဝင်ဖြစ်ပြီး မည်သည့် တရားမဝင် လုပ်ရှားမှုများနှင့် အခြား မသက်ဆိုင်သော အခြားကိုယ်ရေးကိုယ်တာ ကုန်ကျ စရိတ်များအတွက် အတွက်မဆို ကတ်အား အသုံးမပြုနိုင်ပါ။

## ၅။ ပေးဆောင်ခြင်း

၅.၁။ ကတ်ကိုင်ဆောင်သူအနေဖြင့် e-commerce၊ POS နှင့် MPU Merchant များတွင် ပေးချေမှုပြုလုပ်ရန်အတွက် ပေးဆောင်မှုများအတွက် ကတ်တွင်ဖော်ပြထားသည့် နံပါတ် ၁၆ လုံးကိုပေးရမည်ဖြစ်သည်။ online မှတစ်ဆင့် ပေးဆောင်မှု ပြုလုပ်ရာတွင် ကတ် သက်တမ်း ကုန်ဆုံး မည့်နေ့ရက်နှင့် ကုမ္ပဏီ၏အမည်ကို ဖြည့်စွက်ရန်လိုအပ်မည်ဖြစ်သည်။

၅.၂။ ကတ်ကိုင်ဆောင်သူအနေဖြင့် online မှတစ်ဆင့် e-commerce၊ ပေးဆောင်မှုပြုလုပ်ရာတွင်လည်း Transactions ပြီးမြောက် အောင်မြင်စေရန်အတွက် Secure Code (One Time Password, OTP) ကိုဖြည့်စွက်ရန် လိုအပ်ပါသည်။ လုံခြုံမှုပိုင်း ဆိုင်ရာအကြောင်းများကြောင့် Secure Code ကို ကုမ္ပဏီ၏ email သို့ပေးပို့သွားမည် ဖြစ်ပါသည်။

## ၆။ ကုမ္ပဏီ၏တာဝန်ဝတ္တရားများ

၆.၁။ ကုမ္ပဏီနှင့်ကတ်ကိုင်ဆောင်သူမှ ကမ္ဘောဇဘဏ်သို့ပေးထားသည့် ကတ်ကိုင်ဆောင်သူ/ကုမ္ပဏီ ၏လိပ်စာ၊ ဖုန်းနံပါတ် သို့မဟုတ်အခြားသော အကြောင်းအရာ များတွင်အပြောင်းအလဲရှိသည်ဆိုပါက ကမ္ဘောဇဘဏ်သို့ ကုမ္ပဏီနှင့်ကတ်ကိုင်ဆောင်သူမှ ဆောလျင်စွာ အကြောင်းကြားရမည်။

၆.၂။ ကုမ္ပဏီနှင့်ကတ်ကိုင်ဆောင်သူသည် ကမ္ဘောဇဘဏ်မှ ထုတ်ပြန်ထားသည့် မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများ အပါအဝင် Transaction ကန့်သတ်ချက်များ၊ အစီရင်ခံခြင်းဆိုင်ရာ လိုအပ်ချက်များ နှင့်အခြား စည်းမျဉ်းနှင့်စည်းကမ်း သတ်မှတ်ချက်များကို လိုက်နာရမည်ဖြစ်သည်။

၆.၃။ ကုမ္ပဏီနှင့်ကတ်ကိုင်ဆောင်သူသည် လုံခြုံမှုပိုင်းဆိုင်ရာအကြောင်းများကြောင့် ကတ်နှင့် ကတ်အသေး စိတ် အချက်အလက်များကို ကာကွယ်ရန် PINများသတ်မှတ်ခြင်း သို့မဟုတ် အခြားထပ်မံအတည်ပြုနိုင်သော အထောက်အထားစိစစ်ခြင်း နည်းလမ်းများကို အသုံးပြုခြင်းတို့ကို ဆောင်ရွက်ရမည်။ လိမ်လည်မှုများအတွက် Card Transactions

များကို စောင့်ကြည့်စစ်ဆေးရန်နှင့် အစီရင်ခံ တင်ပြထားသည့် ခွင့်ပြုချက်မရှိသော Transactionsများကို ကုမ္ပဏီမှကိုင်တွယ်ဖြေရှင်းပြီး ချက်ခြင်းအရေးယူ ဆောင်ရွက်ရမည်ဖြစ်သည်။

၆၊၄။ MPU Business Debit Card ကို ကိုင်ဆောင်ထားသော ကတ်ကိုင်ဆောင်ထားသူ၏ အရည်အချင်းပြည့်မှီမှုများ စိစစ်နိုင်ရန်ကတ်၊ ထုတ်ပေးခြင်းအတွက် ခွင့်ပြုချက်လုပ်ငန်းစဉ်ကို ဆောင်ရွက်ရန် ကုမ္ပဏီတွင် တာဝန်ရှိပါသည်။

၆၊၅။ ကုမ္ပဏီသည် အတည်ပြုထားသော e-commerce ပေးဆောင်မှုများ၊ POS နှင့် MPU Merchant များတွင် ပေးချေမှုပြုလုပ်ရန်အတွက် နှင့် လိုက်လျောညီထွေရှိစေရန်နှင့် ကတ်ကိုင်ဆောင်သူ ၏ Transactions များ နှင့် အခြား မမှန်မကန်မှု သို့မဟုတ် ကွဲလွဲမှုများကို ပုံမှန်စစ်ဆေးဆောင်ရွက် ရမည် ဖြစ် သည်။

၆၊၆။ ကတ်ကိုင်ဆောင်သူသည် MPU Business Debit Card အသုံးပြုမှုနှင့်ပတ်သက်သည့် မူဝါဒများနှင့် လမ်းညွှန်ချက်များကို သေချာလိုက်နာသိရှိကြောင်း ကုမ္ပဏီထံတွင် တာဝန်ရှိပါသည်။

၆၊၇။ ကုမ္ပဏီသည် ခွင့်ပြုထားသော e-commerce ပေးဆောင်မှုများ၊ POS နှင့် MPU Merchant များတွင် ပေးချေမှုပြုလုပ်ရန်ရည်ရွယ်ချက်အတွက် ခွင့်ပြုထားသော လူပုဂ္ဂိုလ် အား MPU Business Debit Card ကို ထုတ်ပေးရမည်ဖြစ်သည်။

၆၊၈။ အတည်ပြုထားသော e-commerce ပေးဆောင်မှုများ၊ POS နှင့် MPU Merchantများတွင် ပေးဆောင်မှုများနှင့် ကိုက်ညီမှုရှိစေရန် ကတ်အသုံးပြုမှုကို စောင့်ကြည့်စစ်ဆေးရန် ကုမ္ပဏီတွင် တာဝန်ရှိပါသည်။ ကွဲလွဲမှုများ သို့မဟုတ် စိုးရိမ်ဖွယ်အသုံးပြုမှုများရှိပါက ကမ္ဘောဇဘဏ်သို့ ဆောလျင်စွာ အကြောင်းကြားရမည်ဖြစ်သည်။

၆၊၉။ ကတ်ကိုင်ဆောင်သူသည် ကတ်ကိုလုံခြုံအောင်ထားရန်နှင့် ခွင့်ပြုချက်မရှိဘဲကတ်အချက်အလက်များအား အခြားတစ်ဦးနှင့် မျှဝေခြင်းမပြုရန် ကုမ္ပဏီနှင့်ကတ်ကိုင်ဆောင်သူတွင်တာဝန်ရှိပါသည်။

၆၊၁၀။ ကုမ္ပဏီ၏ ခွင့်ပြုချက်ဖြင့်ဖြစ်စေ သို့မဟုတ် ခွင့်ပြုချက်မရှိဘဲ တတိယအုပ်စုဝင်ကဖြစ်စေ၊ သို့မဟုတ် ကတ်ကိုင်ဆောင်ထားသူမှဖြစ်စေပြုလုပ်သည့် ကတ် Transactionsများ၊ သက်ဆိုင်ရာကောက်ခံမှုအားလုံး နှင့် အခြားအခြေအနေအရပ်ရပ် အားလုံးအတွက် ကုမ္ပဏီနှင့်ကတ်ကိုင်ဆောင်သူတွင်သာ တာဝန်ရှိပါသည်။

၆၊၁၁။ ကတ်အားလုံခြုံစိတ်ချရသည့်နေရာ၌အချိန်တိုင်းထားရှိရမည်မှာ ကတ်ကိုင်ဆောင်သူ၏ တာဝန်သာလျှင် ဖြစ်သည်။

၆၊၁၂။ ကတ်အားအသက်ဝင်အောင်ဆောင်ရွက်ပြီးသည်နှင့် ကတ်ကိုင်ဆောင်သူသည် ၎င်း၏ PIN နံပါတ်နှင့် အား အခြားသူတစ်ဦးတစ်ယောက် မျှဝေပေးအပ်ခြင်းမပြုလုပ်ရပါ။

၆.၁၃။ ကတ်အသုံးပြုမှုနှင့်ပတ်သက်၍ ကတ်ကိုင်ဆောင်သူ၏ တာဝန်ယူအာမခံချက်များသည် ကုမ္ပဏီ၏ အာမခံချက်များသကဲ့သို့ ကမ္ဘောဇဘဏ်မှ မှတ်ယူမည်ဖြစ်ပြီး ကုမ္ပဏီနှင့်ကတ်ကိုင်ဆောင်သူတွင်သာလျှင် တာဝန်ရှိစေမည်ဖြစ်သည်။

၆.၁၄။ ကမ္ဘောဇဘဏ်မှ သတ်မှတ်ထားသော စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ကတ်ကိုင်ဆောင်သူသည် ကတ်ကို ပုံမှန်စစ်ဆေးခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်းနှင့် စိစစ်ခြင်းများ ပြုလုပ်ရန် ကုမ္ပဏီ နှင့်ကတ်ကိုင် ဆောင်သူတွင် တာဝန်ရှိမည်ဖြစ်သည်။ မသင်္ကာဖွယ်ရာ လွှဲပြောင်းမှုများကို တွေ့ရှိပါက ကုမ္ပဏီနှင့် ကတ်ကိုင် ဆောင်သူမှ ကမ္ဘောဇဘဏ်သို့ ဆောလျင်စွာ အကြောင်းကြားရမည်။

၆.၁၅။ ကတ်သည်ဘဏ်ပိုင်ပစ္စည်းဖြစ်ပြီး ကမ္ဘောဇဘဏ်က တောင်းခံလာပါက ကမ္ဘောဇဘဏ်၏ Card ဌာနသို့ ချက်ခြင်း ပြန်လည်ပေးအပ်ရမည်။

၆.၁၆။ ကတ်နှင့်ပတ်သက်၍ပေးထားသည့်ညွှန်ကြားချက်အားလုံးသည် အတည်ဖြစ်သည်။

၆.၁၇။ ကတ်ကိုအသုံးပြုပြီး သုံးစွဲသည့်ပမာဏများအားလုံးအတွက် ကုမ္ပဏီ၏ Corporate Bank Account မှနုတ်ယူ ရန် ကုမ္ပဏီက ကမ္ဘောဇဘဏ်အား အခွင့်အာဏာပေးထားသည်။

၆.၁၈။ ကတ်ကိုင်ဆောင်သူအနေဖြင့် ကတ်အားမလိုအပ်တော့ခြင်းကြောင့်ဖြစ်စေ၊ ကတ်သက်တမ်းကုန်ဆုံးသွားခြင်း ကြောင့်ဖြစ်စေ၊ ကတ်ပျောက်ဆုံးကြောင်းအသိပေးအကြောင်းကြားပြီးနောက် ကတ်အား ပြန်လည်တွေ့ရှိခြင်း ဖြစ်စေ ကတ်ကိုင်ဆောင်သူအနေဖြင့် ကတ်အားဘဏ်သို့ ပြန်လည်ပေးအပ်ရမည်။

## ၇။ ကမ္ဘောဇဘဏ်၏အခွင့်အရေး

၇.၁။ ကမ္ဘောဇဘဏ်သည် ၎င်း၏ဆုံးဖြတ်ချက်ဖြင့် ကုမ္ပဏီနှင့်ကတ်ကိုင်ဆောင်သူ ထံသို့ ကြိုတင်အသိပေး အကြောင်း ကြားမှု မလုပ်ဘဲ ကတ်အားရုပ်သိမ်းခြင်း သို့မဟုတ် ရပ်စဲခြင်း သို့မဟုတ် ကတ်၏ အင်္ဂါရပ်များကို ပြောင်းလဲခြင်းများ ပြုလုပ်ပိုင် ခွင့်ရှိသည်။

၇.၂။ ကမ္ဘောဇဘဏ်သည် အကြောင်းပြချက် သို့မဟုတ် ရှင်းလင်းချက်တစ်စုံတစ်ရာပေးရန် တာဝန်မရှိဘဲ ကုမ္ပဏီ၏ ကတ်လျှောက်ထားချက်ကို ကမ္ဘောဇဘဏ်၏ တစ်ဦးတည်းဆုံးဖြတ်ချက်ဖြင့် ငြင်းပယ်နိုင်သည့် သီးသန့်အခွင့်အရေး ကမ္ဘောဇဘဏ်တွင်ရှိပါသည်။

၇.၃။ ကမ္ဘောဇဘဏ်သည် ကုမ္ပဏီအား ကတ်အဖွဲ့ဝင်အဖြစ်မှရပ်စဲခြင်း၊ ကတ်နှင့်တွဲလျက်ရှိသည့် အခွင့်အရေးများအား ရုပ်သိမ်းခြင်း သို့မဟုတ် သက်တမ်း ကုန်သွားသည့်ကတ်အား သက်တမ်းတိုးမပေးခြင်းကို အချိန်မရွေးပြုလုပ်နိုင်သည့် အခွင့်အရေးရှိပြီး ကတ်အား ပြန်လည်အပ်နှံရန်အတွက် ကုမ္ပဏီအား တောင်းခံခြင်းများ ပြုလုပ်နိုင်သည်။

၇.၄။ ကုမ္ပဏီကပေးသည့်သတင်းအချက်အလက်များသည် မှားယွင်းခြင်း နှင့်/သို့မဟုတ် ကတ်အားအလွဲသုံးခြင်းအား နောက်ပိုင်းတွင်တွေ့ရှိရပါက ကုမ္ပဏီသို့ ထုတ်ပေးထားသည့် ကတ်အား သိမ်းဆည်းခြင်း/ဖျက်သိမ်းခြင်းများ ပြုလုပ်ရန်အတွက် ကမ္ဘောဇဘဏ်တွင် အကြွင်းမဲ့အခွင့်အရေးရှိသည် ကို ကုမ္ပဏီမှ သိရှိသဘောတူပါသည်။

၇.၅။ ကတ်အားခွင့်ပြုချက်မရှိဘဲသုံးစွဲနေကြောင်း သို့မဟုတ် Transaction ပြုလုပ်မှုသည်အစစ်အမှန်မဟုတ်ကြောင်း သို့မဟုတ် ရှင်းလင်းမှုမရှိကြောင်း သို့မဟုတ် ထိုသို့ဖြစ်နေသည်ဟု သင်္ကာမကင်းဖွယ်ရှိကြောင်း သို့မဟုတ် မည်သည့်အကြောင်းကြောင့်မဆို ဆက်လက်ဆောင်ရွက်ပေးနိုင်ခြင်းမရှိကြောင်း ယုံကြည်ရန်အကြောင်းရှိလျှင် ကမ္ဘောဇဘဏ်သည် Transaction အားဆောင်ရွက်ပေးခြင်းမပြုရန် ၎င်း၏သဘောဖြင့်ဆုံးဖြတ်ပိုင်ခွင့်ရှိသည်။

၇.၆။ ကမ္ဘောဇဘဏ်သည် ၎င်း၏ဆုံးဖြတ်ချက်ဖြင့် ATM တွင် ကတ်ကိုင်ဆောင်သူ ဝင်ရောက်အသုံးပြုမှုအား ဗီဒီယိုရိုက်ကူးခြင်း သို့မဟုတ် ကင်မရာဖြင့်မှတ်တမ်းတင်ခြင်းများပြုလုပ်နိုင်ပြီး ထိုသို့ရိုက်ကူးထားမှုကို မည်သည့် တရားစွဲဆိုမှုတွင် မဆို သက်သေအဖြစ် တင်သွင်းနိုင်သည်။

## ၈။ ကတ်ပျောက်ဆုံးခြင်း

၈.၁။ ကတ်ပျောက်ဆုံး/ခိုးယူခံရလျှင် ကုမ္ပဏီနှင့်ကတ်ကိုင်ဆောင်သူသည် ကတ်အားထုတ်ယူခဲ့သည့်ဘဏ်ခွဲ/ call center သို့ ချက်ခြင်း အသိပေး အကြောင်းကြား ရမည်ဖြစ်သည်။

၈.၂။ ကတ်ပျောက်ဆုံးကြောင်း အသိပေးအကြောင်းကြားချက်ကို ကမ္ဘောဇဘဏ်က မှတ်တမ်းတင်ချိန်အထိ ကုမ္ပဏီ၏ ထိုပျောက်ဆုံးသွားသောကတ်အား ခွင့်ပြုချက်မရှိဘဲ အသုံးပြုမှုများကြောင့် ဖြစ်ပေါ်လာရသော ငွေကြေးဆုံးရှုံးမှုသည် ကုမ္ပဏီ၏ တာဝန်သာလျှင်ဖြစ်ပါမည်။

၈.၃။ ပျောက်ဆုံးသွားသည့်ကတ်အား အစားထိုးထုတ်ပေးရခြင်းအတွက် ကမ္ဘောဇဘဏ်က အခါအားလျော်စွာသတ်မှတ်မည့် အခကြေးငွေအားကောက်ခံမည်ဖြစ်သည်။

၈.၄။ ဤနေရာတွင်ဖော်ပြထားသော စည်းကမ်းသတ်မှတ်ချက်များအား ကုမ္ပဏီက လိုက်နာမှုမရှိသည့်အတွက် ကမ္ဘောဇဘဏ်က ကျခံရမည့်/ကျခံရန်ရှိသည့် ဆုံးရှုံးမှုများ၊ ပျက်စီးမှုများ၊ ကျသင့်ငွေများ သို့မဟုတ် အသုံးစရိတ်များ အားလုံးအတွက် ကုမ္ပဏီနှင့်ကတ်ကိုင်ဆောင်သူက ကမ္ဘောဇဘဏ်အားလျော်ကြေးပေးရမည်။

၈၊၅။ ကုမ္ပဏီနှင့်ကတ်ကိုင်ဆောင်သူသည် သင့်တင့်လျောက်ပတ်သော ကြိုတင်ကာကွယ်မှုအားလုံးကိုလုပ်ပြီး ကတ်ပျောက်ဆုံးခြင်း မရှိစေရန်၊ ခိုးယူခံရခြင်းမရှိစေရန် သို့မဟုတ် ခွင့်ပြုချက်မရဘဲ အသုံးချခြင်းမျိုး မဖြစ်စေရန် ကတ်အား အကာအကွယ်ပေးသွားရန် ကုမ္ပဏီမှသဘောတူပါသည်။ ကုမ္ပဏီ၏ကတ်ပျောက်ဆုံးခြင်း သို့မဟုတ် ခိုးယူခံရခြင်း သို့မဟုတ် တစ်စုံတစ်ယောက်က ကုမ္ပဏီ၏ကတ်အား အသုံးပြုပြီး ခွင့်ပြုချက်မရှိသည့် Transaction များပြုလုပ်သည်ဟု ယုံကြည်ရန် အကြောင်းများရှိလျှင် သို့မဟုတ်ကုမ္ပဏီ၏ခွင့်ပြုချက်မရဘဲ ကတ်အားသုံးစွဲရန် ကြိုးပမ်းလျှင် ကုမ္ပဏီသည် ဘဏ်သို့ ကုမ္ပဏီ/ အခွင့်ရကတ် ကိုင်ဆောင်သူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ကမ္ဘောဇဘဏ်၏ Customer Call Center သို့ ဖုန်းခေါ်ဆိုခြင်းဖြင့်ဖြစ်စေ ကမ္ဘောဇဘဏ်ထံသို့ ချက်ချင်းအသိပေး အကြောင်းကြားရမည်။ ကမ္ဘောဇဘဏ်မှ လိုအပ်ပါက ကုမ္ပဏီ/ အခွင့်ရ ကတ်ကိုင် ဆောင်သူအား မေးမြန်းတောင်းခံသည့် ကုမ္ပဏီ၏အမည်၊ ကတ်နံပါတ်၊ ကတ်သက်တမ်းကုန်ဆုံးမည့်ရက်၊ ကတ်၏ မူရင်းတန်ဖိုး နှင့် Transaction ပြုလုပ်ထားသည့် သမိုင်းကြောင်းတို့အား ပေးရမည်ဖြစ်သည်။

၈၊၆။ ကတ်ပျောက်ဆုံးကြောင်း ကမ္ဘောဇဘဏ်ထံသို့ ကုမ္ပဏီနှင့် အခွင့်ရ ကတ်ကိုင်ဆောင်သူ မှ အသိပေးအကြောင်းကြားသည့် အချိန်အထိ ကတ်ဖြင့်ပြု လုပ်သည့် Transaction အားလုံးအတွက် ကုမ္ပဏီနှင့်ကတ်ကိုင်ဆောင်သူတွင်သာလျှင် တာဝန်ရှိမည်ဖြစ်သည်။

၈၊၇။ ပျောက်ဆုံး သို့မဟုတ် ပျက်စီးသွားခြင်းကြောင့်အစားထိုးထုတ်ပေးရသည့်ကတ်အတွက် ကမ္ဘောဇဘဏ်က အခါအား လျော်စွာသတ်မှတ်မည်ဖြစ်သည့် အခကြေးငွေကို ကုမ္ပဏီထံမှ ကောက်ခံမည်ဖြစ်သည်။

## ၉။ အခကြေးငွေ

၉။၁။ ကမ္ဘောဇဘဏ်က ကုမ္ပဏီထံသို့ ကတ်ဝန်ဆောင်မှုပေးရာတွင် နှစ်စဉ်ကြေးတောင်းခံခြင်း၊ ကတ်အတွက် အခကောက်ခံခြင်း၊ transaction ရှင်းတမ်းထုတ်ပေးခများကို ကမ္ဘောဇဘဏ်က တောင်းခံသွားမည်ဖြစ်သည်။

| | Description | Fees & Charges (MMK) |
|---|---|---|
| 1 | Issuing Fee | 4,000 MMK |
| 2 | Annual Fee | 3,000 MMK |
| 3 | Replacement Fee | 4,000 MMK |

| | | |
|---|---|---|
| **4** | Card Lost/Stolen | 4,000 MMK |
| **5** | Transaction Fee | 1,000 MMK |
| **6** | Transaction Limit | According to MPU Policy (5 Mil MMK per day) |

၉။၂။ ကမ္ဘောဇဘဏ်သည် မည်သည့်အချိန်တွင်မဆို မည်သည့်အကြောင်းကြောင့်ဖြစ်စေ မည်သည့်ကြိုတင် အကြောင်းကြားမှု မျိုးမျှမရှိဘဲ ကမ္ဘောဇဘဏ်၏တစ်ဦးတည်းဆုံးဖြတ်ချက်ဖြင့် ဖော်ပြပါ အခကြေးငွေ သတ်မှတ်ချက်များအား ပြင်ဆင် ပြောင်းလဲသတ်မှတ်နိုင်သည်။

## ၁၀။ TRANSACTION ပြုလုပ်ခြင်း

ကမ္ဘောဇဘဏ်က ပြင်ဆင်အတည်ပြုခြင်းမလုပ်ပါက ထုတ်ယူလိုက်သည့် Transaction သည် အပြီးသတ်ပင်ဖြစ်သည်သာမက လိုက်နာဆောင်ရွက်ရမည်ဖြစ်သည်။ ပြင်ဆင်အတည်ပြုလိုက်သည့် ပမာဏကို ကုမ္ပဏီက တာဝန်ယူရမည်ဖြစ်သည်။

## ၁၁။ ပေးဆောင်မှုနှင့်ပတ်သက်၍ အငြင်းပွားမှုပေါ်ပေါက်ခြင်းနှင့် ငွေပြန်အမ်းခြင်း

၁၁၊၁။ ကတ်ကိုအသုံးပြုပြီး ကုမ္ပဏီနှင့်/ကတ်ကိုင်ဆောင်သူတို့မှ အစိုးရဌာနများ နှင့်အေဂျင်စီများတွင်ပြုလုပ်ခဲ့သည့် Transactionများနှင့်ပတ်သက်၍ ပေါ်ပေါက် လာရသည့် မည်သို့သောအငြင်းပွားမှုမျိုးမဆို ထိုအစိုးရဌာနများ နှင့်အေဂျင်စီများနှင့်သာ ဖြေရှင်းမည်ဟု ကုမ္ပဏီဘက်နှင့်ကတ်ကိုင်ဆောင်သူမှ သဘောတူညီ ပါသည်။ အရည်အသွေးအရဖြစ်စေ၊ လုံခြုံမှုအရဖြစ်စေ၊ တရားဥပဒေနှင့်ကိုက်ညီမှုအရဖြစ်စေ၊ မည်သည့် အကြောင်း ကြောင့်ဖြစ်စေ ကုမ္ပဏီ၏ကတ်ကိုသုံးပြီး ကုမ္ပဏီနှင့် /ကတ်ကိုင်ဆောင်သူမှ ဆောင်ရွက်ခဲ့သည့် ဝန်ဆောင်မှု တစ်ခုခုကြောင့် ဖြစ်ပေါ်လာ ရသော မည်သည့်ပြဿနာမျိုး အတွက် မဆို ကမ္ဘောဇဘဏ် ထံတွင် တာဝန် မရှိစေရ။

၁၁၊၂။ ကတ်ဖြင့်ပြုလုပ်သော Transaction ကိစ္စနှင့် ပတ်သက်၍ အငြင်းပွားမှုတစ်စုံတစ်ရာဖြစ်ပေါ်ပေါက်ပါက၊ ကတ်ကိုင်ဆောင်သူ ကုမ္ပဏီ သို့မဟုတ် ကတ်ကိုင်ဆောင်သူ မှ အငြင်းပွားနေသော Transaction အသေးစိတ်အချက်အလက်များကို ပေးအပ်ကာ အငြင်းပွားမှု တောင်းဆိုချက်များကို Transactionလုပ်ဆောင်သည့်နေ့မှ ပြက္ခဒိန်ရက်ပေါင်း 30 အတွင်း ကမ္ဘောဇဘဏ်သို့ စာဖြင့်အကြောင်းကြားရမည်ဖြစ်သည်။ကမ္ဘောဇဘဏ်သည် အငြင်းပွားနေသော Transaction နှင့်ပတ်သက် ၍ စေ့စေ့စပ်စပ် စုံစမ်းစစ်ဆေးမှု ပြုလုပ်ရမည်ဖြစ်ပြီး စုံစမ်းစစ်ဆေးနေစဉ်အတွင်း၊ ကုမ္ပဏီနှင့်ကတ်ကိုင်ဆောင်သူသည်

လိုအပ်သောစာရွက်စာတမ်း သို့မဟုတ် အချက်အလက်များကို ပံ့ပိုးပေးခြင်းဖြင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ရမည်။ အငြင်းပွားနေသော Transactionကိစ္စနှင့် ပတ်သက်သည့် ကမ္ဘောဇဘဏ်မှ ချမှတ်ထားသော ဆုံးဖြတ်ချက်များသည် နောက်ဆုံးအပြီးအပြတ်ဖြစ်မည်ဖြစ်ပြီး ပါဝင်ပတ်သက်သူအားလုံးအပေါ် စည်းနှောင်မှုရှိမည်ဖြစ်သည်။

၁၁။၃။ KBZ MPU Debit Card အတွက် စုစုပေါင်း လိမ်လည်အငြင်းပွားမှု Transaction များသည် လွှဲပြောင်းမှု ၁၅ရက်အထိသာ ရှိရမည်။

## ၁၂။ ဝန်ဆောင်မှုလုပ်ငန်းအပြောင်းအလဲ

၁၂။၁။ ကမ္ဘောဇဘဏ်သည်၎င်း၏တစ်ဦးတည်းဆုံးဖြတ်ချက်ဖြင့် ဖြန့်ကြက်ထားသည့် ကွန်ယက်များမှတစ်ဆင့် ပိုမိုများပြားသည့် စက်ကိရိယာတစ်ခုခုတွင် ကတ်အားအသုံးပြုနိုင်ရန် ဆောင်ရွက်နိုင်သည်။ ထိုသို့သောကွန်ယက်များသည် မတူညီသည့် လုပ်ငန်းဆောင်ရွက်ချက်များ၊ ဝန်ဆောင်မှုများပေးမည်ဖြစ်ပြီး မတူညီသည့်ဝန်ဆောင်မှုများ နှင့်/သို့မဟုတ် နေရာဒေသများအတွက် မတူညီသည့်အခွန်အခများ ရှိကြောင်းကို ကတ်ကိုင်ဆောင်သူက သိရှိနားလည်ပြီး သဘောတူသည်။

၁၂။၂။ ကမ္ဘောဇဘဏ်သည် မည်သည့်အချိန်တွင်မဆို ကုမ္ပဏီ သို့မဟုတ်ကတ်ကိုင်ဆောင်သူ ထံသို့ကြိုတင် အသိပေးအကြောင်းကြားမှုမလုပ်ဘဲ ၎င်း၏ တစ်ဦးတည်း ဆုံးဖြတ်ချက်ဖြင့် ATM/အခြားသောကိရိယာများတွင် ကတ်အသုံးပြုမှုအား ရပ်သိမ်းခြင်း၊ ရပ်စဲခြင်း၊ ဖျက်သိမ်းခြင်း၊ ပိတ်ပင်ခြင်း နှင့်/သို့မဟုတ် ဝန်ဆောင်မှုအားရပ်စဲခြင်း ပြုလုပ်ပိုင်ခွင့်ရှိပြီး ထိုသို့သော ပိတ်ပင်ခြင်း သို့မဟုတ် ရပ်စဲခြင်းများကြောင့်မည်သည့်နည်းနှင့်မဆို ဖြစ်ပေါ်လာရသည့် ကုမ္ပဏီ သို့မဟုတ်ကတ်ကိုင်ဆောင်သူ၏ မည်သည့် ဆုံးရှုံးမှုမျိုးအတွက်မဆို ဘဏ်အနေဖြင့် တာဝန်ရှိမည်မဟုတ်ပါ။

၁၂။၃။ ပြုပြင်ထိန်းသိမ်းခြင်း - ဝန်ဆောင်မှုအပေါ်အကျိုးသက်ရောက်နိုင်သည့် ကြိုတင်အသိပေးအကြောင်းကြားထား သော ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများလုပ်ဆောင်ရာတွင် ပုံမှန်ပြုပြင်ထိန်းသိမ်းမှုပြုလုပ်ရန်ဖြစ်စေ သို့မဟုတ် အကြောင်းတစ်စုံတစ်ရာကြောင့် နည်းပညာပိုင်းဆိုင်ရာအရ ပြုပြင်ရန်လိုအပ်လျှင်ဖြစ်စေ ထိုသို့လုပ်ဆောင်ရန် လိုအပ်သည်ဟု ကမ္ဘောဇဘဏ်က ယူဆလျှင် စက်ကိရိယာများအသုံးပြုနိုင်မှု သို့မဟုတ် ဝန်ဆောင်မှုအားလုံး သို့မဟုတ် ဝန်ဆောင်မှု၏ မည်သည့် အစိတ်အပိုင်းကိုမဆို မည်သည့်အချိန်တွင်မဆို ကုမ္ပဏီ သို့မဟုတ်ကတ်ကိုင်ဆောင်သူ အား ကြိုတင်အသိပေး အကြောင်း ကြားခြင်းမရှိဘဲ ကမ္ဘောဇဘဏ် ကရပ်စဲပိုင်ခွင့်ရှိသည်။

## ၁၃။ တာဝန်ရှိမှုကန့်သတ်ချက်

ဤစည်းမျဉ်းများနှင့်စည်းကမ်းသတ်မှတ်ချက်များ သို့မဟုတ် သက်ဆိုင်ရာတည်ဆဲဥပဒေ၏ လိုအပ်ချက်များအရ အတိအလင်း ဖော်ပြထားချက်များမှလွဲ၍ ကမ္ဘောဇဘဏ်အနေဖြင့် မကောင်းသော ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ခြင်းမရှိလျှင်

ဤစည်းမျဉ်းများနှင့် စည်းကမ်းသတ်မှတ်ချက်များအရ မည်သည့် တာဝန်ဝတ္တရားမျိုးကိုမဆို ထမ်းဆောင်ခြင်း သို့မဟုတ် ဆောင်ရွက်ရန်ပျက်ကွက်ခြင်းတို့ကြောင့် ပေါ်ပေါက်လာရသော ကုမ္ပဏီ သို့မဟုတ်ကတ်ကိုင်ဆောင်သူ ၏ မည်သည့် ကိစ္စရပ်အတွက်မဆို ကမ္ဘောဇဘဏ်တွင် တာဝန်ရှိမည်မဟုတ်ပါ။ ကုမ္ပဏီ/ကတ်ကိုင်ဆောင်သူအနေဖြင့် သွယ်ဝိုက်၍ဖြစ်စေ၊ အကျိုးဆက်ကြောင့်ဖြစ်စေ၊ မဟုတ်မမှန်သော လုပ်ရပ်များကြောင့် ဖြစ်စေ ဖြစ်ပေါ်လာရသော ပျက်စီးဆုံးရှုံးမှုများအတွက် ကုမ္ပဏီ/ကတ်ကိုင်ဆောင်သူက ကမ္ဘောဇဘဏ်ထံသို့ ထိုသို့သော ပျက်စီးခြင်းများရှိကြောင်း အသိပေးထားသည့်တိုင် ထိုသို့သောပျက်စီးမှုများအတွက် မည်သို့သော အကြောင်းကြောင့်ဖြစ်စေ ကတ်ကိုင်ဆောင်သူအနေဖြင့် ပြန်လည်တောင်းခံပိုင်ခွင့်မရှိပါ။

## ၁၄။ လျော်ကြေး

၁၄.၁။ ဤနေရာတွင်ဖော်ပြထားသောစည်းကမ်းသတ်မှတ်ချက်များအားကုမ္ပဏီနှင့်ကတ်ကိုင်ဆောင်သူက လိုက်နာမှုမရှိသည့်အတွက် ကမ္ဘောဇဘဏ် က ကျခံရမည့်/ကျခံရန်ရှိသည့် ဆုံးရှုံးမှုများ၊ ပျက်စီးမှုများ၊ ကျသင့်ငွေများ သို့မဟုတ် အသုံးစရိတ်များအားလုံး အတွက် ကုမ္ပဏီနှင့်ကတ်ကိုင်ဆောင်သူက ကမ္ဘောဇဘဏ်အားလျော်ကြေးပေးရမည်။

၁၄.၂။ ကုမ္ပဏီအား ကမ္ဘောဇဘဏ်က ကတ်ဝန်ဆောင်မှုပေးခြင်း၏ အကျိုးဆက်အဖြစ် ကမ္ဘောဇဘဏ်က မည်သည့် အချိန်တွင် မဆိုကျခံရမည့် အရေးယူမှု၊ စောဒကတက်မှု၊ တောင်းဆိုခံရမှု၊ တရားစွဲခံရမှု၊ ဆုံးရှုံးမှု၊ ပျက်စီးမှု၊ ကျခံမှုနှင့် အသုံးစရိတ် (ကျိုးကြောင်းဆီလျော်သည့် ရှေ့နေခသာ ဖြစ်သည်ဟုသာ ကန့်သတ်ထားမှုမရှိသော်လည်း ယင်းအပါအဝင်) များနှင့် စပ်လျဉ်းပြီး ကမ္ဘောဇဘဏ်အား လျော်ကြေးပေးရန်နှင့် ကမ္ဘောဇဘဏ် နှင့်/သို့မဟုတ် ယင်း၏ ဝန်ထမ်းများအား ထိခိုက် နစ်နာမှု မဖြစ်စေရန်အတွက် အကာအကွယ်ပေးသွားရန် ကုမ္ပဏီကသဘောတူသည်။

## ၁၅။ တရားမဝင်ဖြစ်ခြင်း

သက်ဆိုင်ရာဥပဒေ၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းလိုအပ်ချက် သို့မဟုတ် တရားရုံးဆုံးဖြတ်ချက်များကြောင့် သို့မဟုတ် ဤစည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များအရ ရှိနေသည့်တာဝန်ဝတ္တရားများအားထိန်းသိမ်းစောင့်ရှောက်ခြင်း သို့မဟုတ် ဆောင်ရွက်ခြင်းသည် တရားဥပဒေနှင့်ကိုက်ညီမှုမရှိဟု ကမ္ဘောဇဘဏ်ကယူဆလျှင် သို့မဟုတ် ထိုသို့ဆောင်ရွက်ခြင်း များအား ပြုလုပ်ခြင်းမှကမ္ဘောဇဘဏ်အားတားဆီးခြင်းခံရလျှင်ကမ္ဘောဇဘဏ်သည်ကုမ္ပဏီနှင့်ကတ်ကိုင်ဆောင်သူ အား အကြောင်း ကြား၍ဖြစ်စေ သို့မဟုတ် အကြောင်းမကြားဘဲဖြစ်စေ မည်သည့်ကတ်၊ Card Account သို့မဟုတ် ကုမ္ပဏီကိုပေးထားသော

မည်သည့်ဝန်ဆောင်မှုကိုမဆို ပိတ်ပစ်ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းပြုလုပ်နိုင်သည်။ ထိုသို့ဖြစ်လာသည်ဆိုပါက ကုမ္ပဏီသည် ပေးရန်တာဝန်အားလုံးအား တောင်းခံသည်နှင့် ကမ္ဘောဇဘဏ်သို့ ပေးရမည်။

## ၁၆။ ကတ်အသုံးပြုနိုင်ခြင်းနှင့်ကတ်အားအဆက်မပြတ်အသုံးပြုနိုင်မှုအပေါ်အာမခံချက်မပေးခြင်း

ကတ်အသုံးပြုမှုသည် အချိန်နှင့်တပြေးညီလုပ်ဆောင်နိုင်ခြင်းမရှိသည့် အခြေအနေမျိုးဖြစ်တတ်ပါသည်။ ထိုသို့ဖြစ်ပါက ကုမ္ပဏီ/ကတ်ကိုင်ဆောင်သူအနေဖြင့်ကတ်ကို အသုံးပြုနိုင်မည်မဟုတ်ဘဲ ကတ်တွင်ရှိသည့် အချက်အလက်များကို မရရှိဘဲလည်း ဖြစ်နိုင်ပါသည်။ ကုမ္ပဏီနှင့်ကတ်ကိုင်ဆောင်သူကကတ်အသုံးပြုမှုနှင့် ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာရှိပါက ကမ္ဘောဇဘဏ်ထံသို့ အသိပေးအကြောင်းကြားစေလိုပါသည်။ မည်သို့သောဝန်ဆောင်မှု ပြတ်တောက်ခြင်းများနှင့်ပတ်သက်၍ ကမ္ဘောဇဘဏ်တွင် တာဝန်မရှိကြောင်းကုမ္ပဏီနှင့်ကတ်ကိုင်ဆောင်သူက သဘောတူညီသည်။

## ၁၇။ ထုတ်ဖော်ပြောဆိုခြင်း

ကုမ္ပဏီ၏ကတ်စာရင်းနှင့်ပတ်သက်၍ဖြစ်စေ၊ ကတ်ကိုင်ဆောင်သူပြုလုပ်သည့် Transaction နှင့်ပတ်သက်၍ဖြစ်စေ မိမိတို့အနေဖြင့် အောက်ပါအကြောင်းများကြောင့် တတိယပုဂ္ဂိုလ်ထံသို့ထုတ်ပြန်ပေးနိုင်သည် -

၁၇၊၁။ Transaction ပြီးမြောက်စေရန်လိုအပ်မှု၊

၁၇၊၂။ Merchant ကဲ့သို့သော တတိယပုဂ္ဂိုလ်အတွက် ကုမ္ပဏီ၏ Bank Account အခြေအနေနှင့် ကတ်တည်ရှိမှု အား အတည် ပြုမှု၊

၁၇၊၃။ အစိုးရအာဏာပိုင်၊ တရားရုံးအမိန့် နှင့်အညီဖြစ်စေရန် သို့မဟုတ် အခြားသော တရားရေးပိုင်းဆိုင်ရာ အရအစီရင်ခံတင်ပြရန် လိုအပ်မှု၊

၁၇၊၄။ ကုမ္ပဏီသည်ကမ္ဘောဇဘဏ်အား စာဖြင့်ခွင့်ပြုချက်ပေးလျှင် (သို့မဟုတ်)

၁၇၊၅။ ကုမ္ပဏီ၏ဝန်ထမ်းများ၊ စာရင်းစစ်များ၊ တွဲဖက်များ၊ ဝန်ဆောင်မှုပေးသူများ သို့မဟုတ် ရှေ့နေများအား လိုအပ်သလို ထုတ်ပြန်ပေးရန် လိုအပ်မှု။

KBZ BANK
STRENGTH OF MYANMAR

## ၁၈။ ကတ်ငွေစာရင်းမှ နှုတ်ယူခြင်း

၁၈။၁။ အပြီးသတ်အတည်ပြုချက်ဖြစ်ပြီး ကုမ္ပဏီလိုက်နာရမည့် ကမ္ဘောဇဘဏ်၏မှတ်တမ်းများအရ ကုမ္ပဏီ၏ ကတ်အသုံးပြုခြင်းကြောင့် ဖြစ်ပေါ်လာသည့် transaction များအတွက် ကုမ္ပဏီ၏ သတ်မှတ်ထားသည့် Corporate Bank Account မှ ကမ္ဘောဇဘဏ်အနေဖြင့် နှုတ်ယူပိုင်ခွင့်ရှိသည်။ သတ်မှတ်ထားသည့် Corporate Bank Account မှ နှုတ်ယူခြင်းပြုလုပ်ရန် ကုမ္ပဏီနှင့်ကတ်ကိုင်ဆောင်သူက ကမ္ဘောဇဘဏ်အား အတိအလင်း ခွင့်ပြုချက်ပေးထားသည်။

၁၈။၂။ ကတ်ဝန်ဆောင်မှုများနှင့်ပတ်သက်ပြီး ကမ္ဘောဇဘဏ်က ကောက်ခံသည့် အခကြေးငွေနှင့်ကျသင့်ငွေများအတွက် ကုမ္ပဏီ၏ သတ်မှတ် Corporate Bank Account မှ ကမ္ဘောဇဘဏ်က နှုတ်ယူဖြတ်တောက်နိုင်သည်။

## ၁၉။ နှုတ်ယူပိုင်ခွင့်

ကုမ္ပဏီနှင့်ကတ်ကိုင်ဆောင်သူသည် အခြားလူပုဂ္ဂိုလ်မှဖြစ်စေ၊ ကမ္ဘောဇဘဏ်မှဖြစ်စေ သို့မဟုတ် မည်သည့်အကြောင်းပြချက်ကြောင့်ဖြစ်စေ မှားယွင်းလွှဲပြောင်းမိသောကြောင့် ၎င်း၏အကောင့်တွင် ပိုနေသော ငွေများကို ပြန်ပေးရန် တာဝန်ရှိပါသည်။ ယင်းပိုငွေများသည် ကုမ္ပဏီ၏ ရပိုင်ခွင့်ရှိသည့် ငွေများမဟုတ်သည့်အားလျော်စွာ ကမ္ဘောဇဘဏ်သည် မည်သည့်ကန့်သတ်ချက်၊ အသိပေးချက်မှပေးပို့ခြင်းမရှိဘဲ သို့မဟုတ် လျော်ကန်သင့်မြတ်သည့် နည်းလမ်းအရပ်ရပ်ဖြင့် ကမ္ဘောဇဘဏ်မှ နှုတ်ယူနိုင်သည်။

## ၂၀။ မလွန်ဆန်နိုင်သော ဖြစ်ရပ်များ

ဤဝန်ဆောင်မှုကို ကမ္ဘောဇဘဏ်က ဆောင်ရွက်ပေးနေစဉ်ကာလအတွင်း သဘာဝဘေးအန္တရာယ်၊ စစ်ဖြစ်ပွားမှု၊ ဆန္ဒပြမှု သို့မဟုတ် အလုပ်သမားအငြင်းပွားမှု၊ ကုန်သွယ်ရေးပိတ်ပင်မှု၊ အစိုးရအမိန့်၊ မီးလောင်ခြင်း၊ ရေကြီးခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ မုန်တိုင်း သို့မဟုတ် အလွန်ဆိုးရွားသည့် ရာသီဥတုအခြေအနေများ၊ ဆူပူအုံကြွမှု၊ ပုန်ကန်မှု၊ လူထုမငြိမ်မသက်ဖြစ်မှု၊ စီးပွားရေးပိတ်ဆို့အရေးယူမှု၊ သပိတ်မှောက်မှု၊ လျှပ်စစ်ဓာတ်အားပြတ်တောက်မှု၊ စက်ချွတ်ယွင်းမှု သို့မဟုတ် အခြားသော မလွန်ဆန်နိုင်သော ဖြစ်ရပ်များသာဖြစ်သည်ဟု ကန့်သတ်ထားမှုမရှိသော်လည်း ယင်းတို့အပါအဝင်ဖြစ်ပြီး ကမ္ဘောဇဘဏ်မှ ကျိုးကြောင်းဆီလျော်စွာ ထိန်းချုပ်နိုင်မှုထက် ကျော်လွန်နေသည့် ဖြစ်ရပ်များကြောင့် အချိန်ကာလတစ်ရပ်အထိ ဖြစ်ပေါ်လာရသည့် မည်သည့်လုပ်ငန်းဆောင်ရွက်ရန် ပျက်ကွက်မှု သို့မဟုတ် နှောင့်နှေးမှုဖြစ်ခြင်းများအတွက်မဆို ကမ္ဘောဇဘဏ်တွင် တာဝန်မရှိကြောင်းကို ကုမ္ပဏီနှင့်ကတ်ကိုင်ဆောင်သူသည်နားလည်သဘောတူပါသည်။ ကမ္ဘောဇဘဏ်သည် ယင်းသို့သော အခြေအနေများကြောင့်အဟန့်အတား ဖြစ်ခြင်း၊ အတားအဆီး ဖြစ်ခြင်း သို့မဟုတ် နှောင့်နှေးနေခြင်း များကြုံတွေ့

နေရသည့် အတိုင်းအတာအပေါ် မူတည်၍ အဆိုပါ အခြေအနေများ ပြီးဆုံးသွားသည့် အချိန် အထိ ကမ္ဘောဇဘဏ် က ပေးနေသည့် ဤဝန်ဆောင်မှု အား ဆိုင်းငံ့ထားမည် ဖြစ်သည် ။ ထိုသို့သောအခြေအနေ များ ဆက်လက်ဖြစ်ပျက်နေ စဉ်ကာလအတွင်း ဤစည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များတွင် ဖော်ပြထား သောတာဝန်ဝတ္တရား များကို ဖြည့်ဆည်း ရန်၊ ထမ်းဆောင်ရန် ပျက်ကွက်ခြင်း သို့မဟုတ် နှောင့်နှေးခြင်းများ အတွက်ကမ္ဘောဇဘဏ် အနေဖြင့် ကုမ္ပဏီ သို့မဟုတ် ကတ်ကိုင်ဆောင်သူများ အပေါ်တွင်ဖြစ်စေ သို့မဟုတ် အခြားမည်သည့်လူပုဂ္ဂိုလ်တစ်ဦးဦးအပေါ်တွင် ဖြစ်စေ တာဝန်ရှိ စေခြင်း သို့မဟုတ် ဤစည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များအား ချိုးဖောက်ခြင်းဖြစ်သည်ဟု မှတ်ယူခြင်း မရှိစေရပါ။

## ၂၁။ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးနှင့် စီးပွားရေးအရေးယူမှုများ

၂၁.၁။ လူပုဂ္ဂိုလ်များ၊ စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများနှင့် သဘောတူညီချက်ပြုလုပ်ခြင်း သို့မဟုတ် ၎င်းတို့ပါဝင်သည့် transaction များပြုလုပ်ခြင်းများမှ ကမ္ဘောဇဘဏ်အား တားဆီးပိတ်ပင်မှုပြုလုပ်နိုင်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သို့မဟုတ် အခြားသောနိုင်ငံများ၏ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေများကို ကမ္ဘောဇဘဏ်က လိုက်နာရပါသည်။

၂၁.၂။ ကမ္ဘောဇဘဏ်သည် ၎င်း၏ငွေကြေးခဝါချမှုတိုက်ဖျက်ရေး သို့မဟုတ် အကြမ်းဖက်အဖွဲ့များအား ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးနှင့် စီးပွားကုန်သွယ်မှုပိတ်ဆို့အရေးယူမှုများကို စီမံခန့်ခွဲရေး သို့မဟုတ် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်၏ မည်သည့်အခြားသောဥပဒေနှင့် စည်းမျဉ်းများနှင့်မဆိုကိုက်ညီမှုရှိစေရေးအတွက် လိုအပ်သည့် သတင်းအချက်အလက်အားလုံးကို ကုမ္ပဏီနှင့်ကတ်ကိုင်ဆောင်သူကပေးအပ်ရမည်။

၂၁.၃။ မည်သည့် transaction မျိုးမဆိုအတွက်မဆို ကမ္ဘောဇဘဏ်က ဆောင်ရွက်ပေးသည့် လုပ်ငန်းစဉ်များသည် မြန်မာနိုင်ငံ၏ ဥပဒေများကိုသော်လည်းကောင်း၊ အခြားမည်သည့်နိုင်ငံမဆို၏ ဥပဒေများကိုသော်လည်းကောင်း ချိုးဖောက်မှု မရှိကြောင်း ကုမ္ပဏီနှင့်ကတ်ကိုင်ဆောင်သူကထုတ်ဖော်ကြေညာပြီး တာဝန်ယူသည်။

## ၂၂။ ဉာဏပစ္စည်းပိုင်ဆိုင်ခွင့်

ကမ္ဘောဇဘဏ်၏ဝဘ်ဆိုက်နှင့် စာရွက်စာတမ်းအားလုံးတွင် အကြောင်းအရာအဖြစ်ဖြင့်ဖြစ်စေ၊ စကားအသုံးအနှုန်း ပုံစံအဖြစ်ဖြင့်ဖြစ်စေ ပါရှိသော ကုန်အမှတ်တံဆိပ်၊ သင်္ကေတ၊ စာလုံးအမှတ်အသား၊ လုပ်ငန်းဝန်ဆောင်မှု အမှတ်အသား၊ ကုန်အမှတ်တံဆိပ်အမည်နှင့် ဒီဇိုင်းလက်ရာအားလုံး၏ ဉာဏပစ္စည်းဆိုင်ရာ မူပိုင်ခွင့်အရပ်ရပ်သည် ကမ္ဘောဇဘဏ်၏ မူပိုင်ဖြစ်သည်။ ကုမ္ပဏီသည် ကမ္ဘောဇဘဏ်၏ ဉာဏပစ္စည်းဆိုင်ရာ မူပိုင်ခွင့်ကို ကိုယ်ကျိုးအတွက် သုံးစွဲခြင်းမပြုရ သို့မဟုတ်

ကမ္ဘောဇဘဏ်မှ စာဖြင့်ရေးသားထားသော ကြိုတင်ခွင့်ပြုချက် ရရှိထားခြင်းမရှိဘဲ မည်သည့်ကိစ္စကိုမဆို ကြော်ငြာခြင်းမပြုရ။ ကုမ္ပဏီသည် ကမ္ဘောဇဘဏ်၏ပုံရိပ်၊ ကုန်အမှတ်တံဆိပ်၊ လုပ်ငန်းအမည် သို့မဟုတ် အခြားဉာဏပစ္စည်းဆိုင်ရာ မူပိုင်ခွင့်ကို ထိခိုက်ပျက်ပြားစေနိုင်သည့် မည်သည့်ပြုလုပ်မှုမျိုးကိုမဆို ပြုလုပ်ခွင့်ရှိမည်မဟုတ်ပါ သို့မဟုတ် အခြားသူက ပြုလုပ်ခြင်းကိုလည်း ခွင့်ပြုပေးပိုင်ခွင့်ရှိမည်မဟုတ်ပါ။

## ၂၃။ အထွေထွေ

၂၃.၁။ ကတ်ပိတ်သိမ်းရန် ကုမ္ပဏီကဆုံးဖြတ်လိုက်သည်ဆိုပါက ကုမ္ပဏီသည် ကမ္ဘောဇဘဏ်၏ ဘဏ်ခွဲသို့ လူကိုယ်တိုင် လာရောက်ရမည်။

၂၃.၂။ ကတ်ကို ပိတ်သိမ်းသည့်အခါ၊ ကုမ္ပဏီသည် ၎င်း၏ ကတ်အား ကမ္ဘောဇဘဏ်သို့ ချက်ခြင်းပြန်လည် ပေးအပ်ရမည်။

၂၃.၃။ ကတ်နှင့်ချိတ်ဆက်ထားသော ကုမ္ပဏီ၏ Corporate Bank Account အား အကြောင်းတစ်စုံတစ်ရာကြောင့် ပိတ်သွားပါက၊ ကတ်ကို တစ်ပြိုင်နက် အလိုအလျောက် ပိတ်သွားမည်ဖြစ်ပြီး ကုမ္ပဏီနှင့် ကတ်ကိုင်ဆောင်ထားသူသည် ကတ်ကို ဆက်လက်အသုံးပြုခွင့် သို့မဟုတ် အသုံးပြုနိုင်တော့မည်မဟုတ်ပါ။

၂၃.၄။ ငွေစာရင်းမူဝါဒပြောင်းလဲမှုရှိပါက ကတ်အခြေအနေကို Update လုပ်ရန် ကုမ္ပဏီသည် ကမ္ဘောဇဘဏ်သို့ အကြောင်းကြားရန် အပြည့်အဝ တာဝန်ရှိပါသည်။ ကမ္ဘောဇဘဏ်သည် ငွေစာရင်းအခြေအနေ ပြောင်းလဲခြင်းကြောင့် ကတ်အခြေအနေ ပြောင်းလဲခြင်းနှင့်ပတ်သက်၍ ကမ္ဘောဇဘဏ်ဘက်မှ မည်သည့်တာဝန်မျှမရှိပါ။

၂၃.၅။ ဤဝန်ဆောင်မှုအား မည်သည့်အချိန်တွင်မဆို မည်သည့်အကြောင်းကြောင့်ဖြစ်စေ ကမ္ဘောဇဘဏ်၏ တစ်ဦးတည်းဆုံးဖြတ်ချက်ဖြင့် ကြိုတင်အကြောင်းကြားခြင်းမပြုဘဲ ပယ်ဖျက်ခြင်း သို့မဟုတ် ရုတ်သိမ်းခြင်းတို့အား ဆောင်ရွက်နိုင်မည်ဖြစ်သည်။

၂၃.၆။ အထက်ဖော်ပြပါစည်းမျဉ်းနှင့်စည်းကမ်းသတ်မှတ်ချက်များအား ဖတ်ရှု၊ နားလည်ကြောင်းအသိအမှတ်ပြုသည့် အနေဖြင့် ကုမ္ပဏီသည် လက်မှတ်ထိုးပြီးဖြစ်သည့် လျှောက်လွှာအားပြန်ပေးအပ်ရမည်။

## ၂၄။ အာမခံများနှင့်သက်ဆိုင်မှုမရှိခြင်း

ဤစည်းမျဉ်းများနှင့်စည်းကမ်းသတ်မှတ်ချက်များတွင်ဖော်ပြထားသည်မှအပ မည်သည့်ရည်ရွယ်ချက်အတွက်မဆို ကူးသန်းရောင်းဝယ်မှုအရအာမခံချက်ပေးခြင်း သို့မဟုတ် ရည်ရွယ်ချက်တစ်ခုခုအတွက်သင့်တော်သည်ဟုပြောဆိုခြင်း သို့မဟုတ် သတ်မှတ်ချက်စည်းမျဉ်းများ သို့မဟုတ် ဥပဒေကြောင်းအရဖြစ်ပေါ်လာခြင်း သို့မဟုတ် အရောင်းအဝယ်လုပ်သည့်ပုံစံ သို့မဟုတ် ကုန်သွယ်မှုပုံစံများသာဖြစ်သည်ဟု ကန့်သတ်ထားမှုမရှိသော်လည်း ယင်းတို့ အပါအဝင်ဖြစ်ပြီး ကတ်နှင့်ပတ်သက်၍

ဖော်ပြထားမှုကြောင့်ဖြစ်စေ၊ ကတ်နှင့်သက်ဆိုင်မှုကြောင့်ဖြစ်စေ၊ customer ဝန်ဆောင်မှုလုပ်ငန်းများ နှင့်ပတ်သက်၍ဖြစ်စေ၊ သို့မဟုတ် ဤစည်းမျဉ်းများနှင့် စည်းကမ်းသတ်မှတ်ချက်များတွင် ဖော်ပြထားသည့် အကြောင်းအရာများအရဖြစ်စေ ကမ္ဘောဇဘဏ်သည် ကတ်ကိုင်ဆောင်သူအား မည်သို့သောကိုယ်စားပြုမှု သို့မဟုတ် အာမခံချက် မျိုးကိုမဆို ပေးထားခြင်းမရှိပါ။

## ၂၅။ အထောက်အထားများပေးခြင်း

ကမ္ဘောဇဘဏ်အားပေးနေသည့် မည်သည့်ဝန်ဆောင်မှုမျိုးအပြင် တရားရုံးဆောင်ရွက်ချက် သို့မဟုတ် တရားစွဲဆိုမှုအတွက် လူကိုယ်တိုင်သော်လည်းကောင်း သို့မဟုတ် အခြားနည်းလမ်းဖြင့်လည်းကောင်းပေးရမည့် မည်သည့်အထောက်အထားမဆို (ဆင့်ခေါ်စာ၊ စောဒကရှင်းတမ်း၊ လုပ်ထုံးလုပ်နည်းအရတောင်းခံမှု၊ လူမွဲစာရင်းလျှောက်ထားမှုများသာဖြစ်သည်ဟု ကန့်သတ်ထားမှုမဟုတ်သော်လည်းယင်းတို့အပါအဝင်) အား စာတိုက်မှပို့ခြင်း၊ ကမ္ဘောဇဘဏ်၏မှတ်တမ်းများအတွင်းရှိ ကတ်ကိုင်ဆောင်သူ၏ နောက်ဆုံးလိပ်စာသို့ပို့ခြင်းများ ပြုလုပ်သွားမည်ဖြစ်ပြီး ထိုသို့သောဝန်ဆောင်မှုများအားမပေးဖြစ်ဘဲ အောက်ပါအတိုင်း ပို့သော်လည်း ပြန်ရောက်လာသည်ဆိုလျှင်ပင် အကျိုးသက်ရောက်မှုရှိသည်ဟု မှတ်ယူရမည် -

၂၅.၁။ လူဖြင့်လက်ကမ်းပေးပို့သည်ဆိုပါက ပေးပို့သည့်အချိန် သို့မဟုတ် ပေးပို့ရမည့်လိပ်စာသို့ပေးပို့ပြီးချိန်

၂၅.၂။ မြန်မာနိုင်ငံအတွင်းရှိလိပ်စာတစ်ခုသို့စာတိုက်မှပေးပို့ခြင်းဖြစ်သည်ဆိုပါကစာတိုက်မှပေးပို့ပြီးနောက်အလုပ်လုပ် ရက်(၅) ရက်တွင်း။

## ၂၆။ အာမခံခြင်း

ဝန်ဆောင်မှုအသုံးပြုခြင်းဆိုင်ရာ စည်းကမ်းချက်အဖြစ် ဝန်ဆောင်မှုများအား တရားဥပဒေနှင့်ကိုက်ညီခြင်းမရှိ သည့် မည်သည့် ရည်ရွယ်ချက်မျိုးအတွက်မဆို အသုံးပြုမည်မဟုတ်ပါကြောင်း ကုမ္ပဏီနှင့်ကတ်ကိုင်ဆောင်သူက ကမ္ဘောဇဘဏ်အား အာမခံသည်။ ဝန်ဆောင်မှုများကို အသုံးပြုမှုနှင့် စပ်လျဉ်းသည့် တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ နည်းဥပဒေနှင့် ပြဋ္ဌာန်းဥပဒေအရပ်ရပ်ကို လိုက်နာရန် ကုမ္ပဏီမှ သဘောတူသည်ဖြစ်သည်။

## ၂၇။ ပြင်ဆင်ခြင်း

ဤစည်းကမ်းချက်များပါ မည်သည့်ပြဋ္ဌာန်းချက် သို့မဟုတ် ဝန်ဆောင်မှု နှင့်/သို့မဟုတ် မည်သည့်အဖိုးအခကိုမဆို

မည်သည့်အချိန်တွင်မဆို၊ မည်သည့်အကြောင်းကြောင့်ဖြစ်စေ မည်သည့်ကြိုတင်အကြောင်းကြားခြင်းကိုမျှ ပြုလုပ်ခြင်းမရှိဘဲ ကမ္ဘောဇဘဏ်သည် ၎င်း၏တစ်ဦးတည်းဆုံးဖြတ်ချက်ဖြင့် ပြင်ဆင်ခွင့်၊ မွမ်းမံခွင့်၊ အစားထိုးပိုင်ခွင့်၊ ပယ်ဖျက်ခွင့် သို့မဟုတ် ရုတ်သိမ်းပိုင်ခွင့် အပြည့်အဝရှိကြောင်းကို ကုမ္ပဏီနှင့်ကတ်ကိုင်ဆောင်သူက သိရှိသဘောတူပါသည်။ ဝဘ်ဆိုက်တွင် ဖော်ပြပေးထားမည့် ပြင်ဆင်ချက်များအပါအဝင် ဤစည်းမျဉ်းစည်းကမ်းချက်များကို ပုံမှန်ဖတ်ရှုစစ်ဆေးသွားရန် ကုမ္ပဏီနှင့်ကတ်ကိုင်ဆောင်သူတွင် တာဝန်အပြည့်အဝရှိပါသည်။ အပြောင်းအလဲတစ်ရပ် သို့မဟုတ် အပြောင်းအလဲများ ပြုလုပ်ပြီးနောက် ကမ္ဘောဇဘဏ်၏ MPU Business Debit Card ကတ် ဝန်ဆောင်မှုလုပ်ငန်းကိုမဆို အသုံးပြုခြင်းသည် အပြောင်းအလဲများ ဆောင်ရွက် ထားရှိပြီး ဖြစ်သည့် စည်းကမ်းချက်များနှင့်သာ သက်ဆိုင်သည်။

## ၂၈။ လွှဲပြောင်းခြင်း

ဤစည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များအရ ကုမ္ပဏီနှင့်ကတ်ကိုင်ဆောင်သူသည် ကမ္ဘောဇဘဏ်၏ စာဖြင့် ရေးသား ဖော်ပြထားသော သဘောတူညီ ချက်မရှိဘဲ ၎င်း၏ အခွင့်ရေး သို့မဟုတ် တာဝန်ဝတ္တရားများ အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ လွှဲပြောင်း တာဝန် ပေးအပ်ခြင်းမပြုရဘဲ၊ ဤစည်းမျဉ်းနှင့်စည်းကမ်းသတ်မှတ်ချက်များတွင် ပါဝင်သောမည်သည့် အစိတ်အပိုင်းကို ဖြစ်စေ ဖော်ဆောင် ရန်အတွက် မည်သည့်ထပ်ဆင့်စာချုပ်ကိုမဆို ချုပ်ဆိုခြင်းမပြုရ။

## ၂၉။ ဆက်လက်အသက်ဝင်ခြင်း

ဤစည်းကမ်းချက်များပါ ပြဋ္ဌာန်းချက်တစ်ရပ်စီတိုင်းသည် အခြားပြဋ္ဌာန်းချက်များနှင့်မတူဘဲ သီးခြားသက်ဝင်မှု ရှိမည်ဖြစ်သည်။ ဤစည်းကမ်းချက်များပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည် တရားဝင်မှုမရှိတော့ခြင်း၊ ပျက်ပြယ်ခြင်း သို့မဟုတ် ဥပဒေတစ်ရပ်ရပ်အရ အာဏာသက်ရောက်မှုမရှိတော့ခြင်းများဖြစ်လာပါက ယင်းအပိုင်းသည်သာ ပျက်ပြယ်မည်ဖြစ်ပြီး ကျန်ပြဋ္ဌာန်းချက်များအား ထိခိုက်စေခြင်း သို့မဟုတ် ပျက်ပြယ်စေခြင်းများရှိမည်မဟုတ်ဘဲ ကျန်ပြဋ္ဌာန်းချက်များသည် ဆက်လက် အသက်ဝင် နေမည် ဖြစ်သည်။

## ၃၀။ စွန့်လွှတ်ခြင်း

မည်သည့်အချိန်တွင်မဆို ဤစည်းမျဉ်းနှင့်စည်းကမ်းသတ်မှတ်ချက်များတွင်ဖော်ပြထားသည့် ပြဋ္ဌာန်းချက် (များ) အား အသက်ဝင်စေရန်အတွက် ဆောင်ရွက်ရန် မည်သည့်အဖွဲ့မဆိုက ပျက်ကွက်ခြင်း သို့မဟုတ် နှောင့်နှေးနေခြင်းသည် ထိုသို့သောအဖွဲ့က အခွင့်အရေးများအား စွန့်လွှတ်လိုက်ခြင်းဖြစ်သည်ဟု အဓိပ္ပါယ်ဖွင့်ဆိုခြင်းမရှိစေရ။

## ၃၁။ သက်ဆိုင်မှုမရှိခြင်း

ဤစည်းမျဉ်းနှင့်စည်းကမ်းချက်များတွင်ပါဝင်သော မည်သည့်ပြဋ္ဌာန်းချက်မဆိုကြောင့် ဤစည်းမျဉ်းနှင့်စည်းကမ်းချက် များကို သဘောတူထားသည့်အဖွဲ့များက အလုပ်သမားနှင့်အလုပ်ရှင်၊ မိတ်ဖက်၊ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သူ၊ ဖက်စပ် လုပ်ငန်းများ၏ ဆက်ဆံရေးမျိုးကို ထူထောင်ခြင်းဖြစ်သည်ဟု အဓိပ္ပါယ်သက်ရောက်ခြင်းမရှိစေရ။ အဖွဲ့များသည် သီးခြားလွတ်လပ်သော ကန်ထရိုက်တာများဖြစ်ပြီး မည်သည့်အဖွဲ့မဆိုသည် အခြားသောအဖွဲ့၏ လုပ်ဆောင်ချက်၊ ဆောင်ရွက်ချက် သို့မဟုတ် ပျက်ကွက်ခြင်းများအတွက် တာဝန်မရှိစေရ။

## ၃၂။ လွှမ်းမိုးသောဥပဒေနှင့် အငြင်းပွားမှုဖြေရှင်းခြင်း

ဤစည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဥပဒေများက လွှမ်းမိုးမည်ဖြစ်ပြီး ယင်းဥပဒေများနှင့်အညီ အဓိပ္ပာယ်ဖွင့်ဆိုရမည်ဖြစ်ကာ ဤစည်းမျဉ်းစည်းကမ်းများမှ သို့မဟုတ် ဤစည်းမျဉ်းစည်းကမ်းများအရ ပေါ်ပေါက်လာသော မည်သည့်အငြင်းပွားမှုကိုမဆို စီရင်ဖြေရှင်းပိုင်ခွင့်အာဏာသည် မြန်မာနိုင်ငံရှိ တရားရုံးများတွင်သာ ရှိစေရမည်ဖြစ်သည်။

## ၃၃။ ဆက်သွယ်မှုပြုလုပ်ခြင်း

၃၃.၁။ စာဖြင့်သီးခြားရေးသားဖော်ပြထားမှုမရှိပါက ကတ်ကိုင်ဆောင်သူထံသို့ ကမ္ဘောဇဘဏ်က အသိပေး အကြောင်းကြားခြင်း၊ ဆက်သွယ်ခြင်းများကို အောက်ပါနည်းလမ်းများဖြင့် ပြုလုပ်ပါက အကျိုးသက်ရောက်သည် -

၃၃.၂။ အီလက်ထရောနစ်မေးလ် သို့မဟုတ် SMS ဖြင့်ပေးပို့သည်ဆိုပါက ပေးပို့သည့်အချိန်

၃၃.၃။ လက်ကမ်းပေးသည်ဆိုလျှင် ပေးပို့သည့်အချိန်

၃၃၊၄။ ကမ္ဘောဇဘဏ်၏ဘဏ်ခွဲများ သို့မဟုတ် ATM များတွင်ကပ်ထားခြင်း သို့မဟုတ် လူမှုမီဒီယာ သို့မဟုတ် ကမ္ဘောဇဘဏ်၏ တရားဝင်ဝက်ဆိုက်တွင်တင်ထားခြင်းဖြစ်ပါက ကပ်ထားသည့်နေ့ သို့မဟုတ် တင်လိုက်သည့်နေ့ရက်

၃၃၊၅။ အကြောင်းကြားခြင်း သို့မဟုတ် ဆက်သွယ်မှုပြုလုပ်ခြင်းများအား ကတ်ကိုင်ဆောင်သူထံသို့ပြုလုပ်ပြီးနောက် ယင်းတို့တွင် ဖြစ်သည့်ကိစ္စရပ်များကြောင့် ကမ္ဘောဇဘဏ်တွင် တာဝန်မရှိစေရ။ ဥပမာ - မည်သည့်အကြောင်းကြားခြင်း သို့မဟုတ် ဆက်သွယ်မှုမဆိုသည် နှောင့်နှေးနေခြင်း၊ ကြားဖြတ်ခံရခြင်း၊ ပျောက်ဆုံးခြင်း၊ မရောက်ရှိခြင်း သို့မဟုတ် ပေးပို့နေစဉ် မည်သူ့ထံသို့မဆိုပေါက်ကြားသွားခြင်းများ စသည့်ဖြစ်ရပ်များကိုဆိုလိုသည်။

## ၃၄။ ဘာသာစကား

ဤစည်းမျဉ်းနှင့်စည်းကမ်းသတ်မှတ်ချက်များအား အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် ပြုလုပ်ထားပြီး နှစ်မျိုးစလုံးသည် တူညီသော အဓိပ္ပာယ်သက်ရောက်မှုရှိမည်ဖြစ်သည်။ အင်္ဂလိပ်ဘာသာနှင့် မြန်မာဘာသာနှစ်မျိုးဖြင့် ပြုလုပ်ထားခြင်း ဖြစ်သောကြောင့် ကွဲလွဲမှုတစ်စုံတစ်ရာရှိလျှင် မြန်မာဘာသာဖြင့် ရေးသားထားသည့် စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက် များကိုသာလျှင် အမှန်ယူရမည် ဖြစ်သည်။

## ၃၅။ CUSTOMER CONTACT CENTER

ကတ်ကိုင်ဆောင်သူများအနေဖြင့် စုံစမ်းမေးမြန်းလိုသည်များရှိလျှင်၊ မကျေနပ်ချက်များအားမှတ်ပုံတင်လိုလျှင် သို့မဟုတ် အရေးအကြီးဆုံးအနေဖြင့်ကတ်ပျောက်ဆုံးမှုအားအသိပေးအကြောင်းကြားလိုလျှင် ကမ္ဘောဇဘဏ်၏ Customer Contact Center ထံသို့အောက်ပါဖုန်းနံပါတ်များမှတစ်ဆင့်အချိန်မရွေးဆက်သွယ်အကြောင်းကြားနိုင်သည် -

ရန်ကုန်မြို့ရှိ Customer Contact Center +95 1 515216/ +95 1 515217/ +95 1 515218/ +951 515238/ +95 1 2305756/ +95 1 2305736, +95 1 2306185 Fax to +95 1 515238

ကတ်ကိုင်ဆောင်သူများအနေဖြင့် ကမ္ဘောဇဘဏ်ထံသို့ hotline.cards@kbzbank.com မှတစ်ဆင့် စာဖြင့်ဆက်သွယ် အကြောင်းကြားနိုင်သည်။

KBZ BANK
STRENGTH OF MYANMAR

## လျှောက်ထားသူ၏ထုတ်ဖော်ကြေညာချက်

လက်မှတ်ရေးထိုးခြင်းအားဖြင့်

၁။ ကတ်အသုံးပြုမှုနှင့်ပတ်သက်၍ သတ်မှတ်ထားသည့် စည်းမျဉ်းနှင့်စည်းကမ်းသတ်မှတ်ချက်များအား လက်ခံရရှိပြီး၊ ဖတ်ရှုနားလည်သဘောပေါက်ပါသည်။

၂။ ဖော်ပြပါစည်းမျဉ်းနှင့်စည်းကမ်းသတ်မှတ်ချက်များနှင့် ကမ္ဘောဇဘဏ်ကမိမိတို့ထံသို့ကြိုတင်အသိပေးအကြောင်းကြားမှု မပြုလုပ်ဘဲ ၎င်း၏ဆုံးဖြတ်ချက်ဖြင့်အခါအားလျော်စွာပြုလုပ်မည့် မည်သည့်အပြောင်းအလဲကိုမဆို လိုက်နာရန် ကျွန်ုပ်အနေဖြင့် သဘောတူသည်။

၃။ လျှောက်လွှာတွင်ဖော်ပြထားသည့်အချက်အလက်များမှန်ကန်ကြောင်း ကျွန်ုပ်က အာမခံသည်။

**အခွင့်အာဏာအပ်နှင်းခြင်းခံရသောအရာရှိ (၁) ၏ လက်မှတ်**

**အခွင့်အာဏာအပ်နှင်းခြင်းခံရသောအရာရှိ (၂) ၏ လက်မှတ်**

အမည် - ---------------------------------------------

ရက်စွဲ - ---------------------------------------------

အမည် - ---------------------------------------------

ရက်စွဲ - ---------------------------------------------

**Company Stamp:**

**ကုမ္ပဏီတံဆိပ်တုံး**

No.(615/1), Pyay Road, Kamayut Township, Yangon City, Myanmar.
+959 951018555
www.kbzbank.com